มูลนิธิเพื่อการพัฒนาแรงงานและอาชีพ

# ထိုင်းနိုင်ငံတွင် အိမ်အကူလုပ်ငန်းအတွက် စံသဘောတူစာချုပ်

ဘာသာစကားအမျိုးမျိုးဖြင့် ရေးသားထားသောဤသဘောတူစာချုပ်ကို http://www.idwf.org/myfairhome တွင်ရယူနိုင်ပါသည်။ စာချုပ်ချုပ်ဆိုမည့်သူနှစ်ဦးနှစ်ဖက်စလုံးက နားလည်သော ဘာသာစကားဖြင့်ရေးသားထားသည့် စာချုပ်ဖြစ်သင့်ပါသည်။ ခေတ်နှင့်အညီနောက်ဆုံး မွမ်းမံပြင်ဆင်ရေးဆွဲထားသည့် စာချုပ်ပုံစံကို အသုံးပြုရပါမည်။ သက်ဆိုင်သည့်အကွက်တွင် ရှင်းလင်းပြတ်သားစွာဖြင့် အမှန်ခြစ် ☑ (သို့မဟုတ်) ကြက်ခြေခတ် ☒ ခြစ်ပေးပါ။

ထိုင်းအလုပ်သမားအက်ဥပဒေ [B.E. 2541 (1998)] နှင့် ဝန်ကြီးဌာနက ထုတ်ပြန်သည့် စည်းမျဉ်းအမှတ် (၁၄) [B.E. 2555 (2012)] အရ အိမ်အကူအလုပ်သမားများအား ဥပဒေအရဖြည့်ဆည်းပေးရမည့်သင့်တော်ကောင်းမွန်သည့်အလုပ်အကိုင်အတွက်အနည်းဆုံးရှိရမည့် စည်းကမ်းသတ်မှတ်ချက်များသည် ဤစာကော်လံတွင် ဖော်ပြထားသည့် သတ်မှတ်ပြဋ္ဌာန်းချက်များတွင် ပါဝင်ပါသည်။

ဤဘက်ခြမ်းစာကော်လံတွင် ILO ၏ အိမ်အကူအလုပ်သမားများဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၂၀၁၁ (အမှတ်-၁၈၉) နှင့် ထိုင်းနိုင်ငံဥပဒေအရ အခြားအလုပ်သမားများကို ပေးသည့်ကာကွယ်စောင့်ရှောက်မှုများပေါ်တွင်အခြေခံ၍ အလုပ်အကိုင်ဆိုင်ရာ အလေ့အကျင့်ကောင်းများအတွက် လမ်းညွှန်ချက်များပါဝင်ပါသည်။ ILO၏ အဆိုးဝါးဆုံးပုံစံဖြင့်ကလေးအလုပ်သမားနိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်(အမှတ်-၁၈၂)နှင့် အနည်းဆုံးရှိရမည့် အသက်အရွယ်ဆိုင်ရာပြဋ္ဌာန်းချက် (အမှတ်-၁၃၈) တို့အပေါ်တွင်အခြေခံ၍ အသက် (၁၅-၁၈) နှစ်ရှိသော အလုပ်သမားများအတွက် အထူးပြဋ္ဌာန်းချက်များကိုလည်း အကြံပြုဖော်ပြထားပါသည်။

| နှစ်ဦးနှစ်ဖက် စာချုပ်ချုပ်ဆိုမည့်သူများ | အကောင်းမွန်ဆုံးသော အလေ့အကျင့် |
|---|---|
| အလုပ်ရှင် - (ဦး/ဒေါ်)/ (Mr/Ms) ____________________<br>နေရပ်လိပ်စာ ____________________<br>မှတ်ပုံတင်/ပတ်စ်ပို့နံပါတ် ____________________<br><br>**နှင့်**<br><br>အလုပ်သမား - (ဦး/ဒေါ်)/ (Mr/Ms) ____________________<br>နေရပ်လိပ်စာ ____________________<br>မှတ်ပုံတင်/ပတ်စ်ပို့နံပါတ် ____________________<br><br>☐ အလုပ်သမားသည် စာချုပ်ချုပ်ဆိုသည့်နေ့ရက်တွင် အနည်းဆုံး အသက် (၁၅) နှစ်ပြည့်ပြီးဖြစ်ကြောင်းကို အတည်ပြုပါသည်။ | ထိုင်းနိုင်ငံတွင် ဥပဒေအရ အလုပ်လုပ်ကိုင်ရန် အနည်းဆုံးရှိရမည့်အသက်မှာ (၁၅) နှစ်ဖြစ်သည်။ အကယ်၍ အလုပ်သမားသည် အသက် (၁၈) နှစ်အောက်ရှိပါက အောက်တွင် ဖော်ပြထားသည့်အတိုင်း နောက်ဆက်တွဲပြဋ္ဌာန်းချက်များကို ကျင့်သုံးသင့်ပါသည်။ |

**ဤသဘောတူစာချုပ်ကိုချုပ်ဆိုကြမည့်သူ နှစ်ဦးနှစ်ဖက်စလုံးသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရန် သဘောတူပါသည်။**

## ၁။ စတင်သည့်နေ့ရက်

**၁.၁။** ဤသဘောတူစာချုပ်သည် ___/____/____ မှစတင်၍ တရားဝင်ဖြစ်သည်။ အပိုဒ် (၁၀.၁) တွင်ဖော်ပြထားသည့်အတိုင်း စာချုပ်ချုပ်ဆိုသူ နှစ်ဦးနှစ်ဖက်စလုံးသည် ကြိုတင် အသိပေးအကြောင်းကြားခြင်းဖြင့် စာချုပ်ကို ရပ်စဲပိုင်ခွင့်ရှိသည်။

> စာချုပ်သက်တမ်းကုန်ဆုံးသွားသည့်တိုင်အောင်၊ အလုပ်များအားလုံးသည် လုပ်ကိုင်ပြီးခဲ့သည့် အလုပ်အတွက် လုပ်ခလစာကို ခံစားပိုင်ခွင့်ရှိသည်။

## ၂။ အိမ်ထောင်စု သတင်းအချက်အလက်

**၂.၁။** အိမ်ထောင်စုလိပ်စာ ______________________________________________

**၂.၂။** အိမ် အကျယ်အဝန်း

အိမ်သည် ______ထပ် ၊ ရေချိုးခန်း ___ ခန်း၊ အိပ်ခန်း ___ ခန်း၊ ဧည့်ခန်း ___ ခန်း ၊ မီးဖိုခန်း ____ ခန်း၊ နှင့် အခြားအခန်း _____ ခန်းတို့ရှိသည်။

စုစုပေါင်း အကျယ်အဝန်းမှာ _____ စတုရန်းမီတာ ဖြစ်သည်။

**၂.၃။** အိမ်ထောင်စုဝင်များ

________ဦးအနက်တွင် ________တို့သည် ( အသက် ______ နှစ်စီ ရှိကြသော) ကလေးများဖြစ်ကြပြီး၊ ________ တို့သည် စောင့်ရှောက်မှုလိုအပ်သော သက်ကြီးရွယ်အိုများဖြစ်သည်။

> အခြားအိမ်ထောင်စု/အိမ်သူအိမ်သားများ (သို့) အခြား အိမ်နေရာများ၌ အလုပ်လုပ်ရန် အလုပ်သမားကို အလုပ်ရှင်က လိုအပ်ပါက နှစ်ဦးနှစ်ဖက်သဘော တူညီမှုဖြင့် သင့်လျော်သလို အခကြေးငွေပေးချေသင့်ပါသည်။

## ၃။ လုပ်ငန်းတာဝန် သတ်မှတ်ဖော်ပြချက်

**၃.၁။** အလုပ်သမားသည် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို လုပ်ကိုင်ရန် တာဝန်ရှိသည်။
အသေးစိတ်ဖော်ပြချက်များကို နောက်ဆက်တွဲ (၁) တွင် ကြည့်ရှုပါ။

(သက်ဆိုင်သည့်အချက်အားလုံးကို အမှန်ခြစ်ပါ။)

| **အိမ်မှုကိစ္စထိန်းသိမ်းမှု** | **ပြုစုစောင့်ရှောက်မှု** | **အခြားအလုပ်** |
| --- | --- | --- |
| □ သန့်ရှင်းရေးလုပ်ခြင်း | □ ကလေးပြုစု စောင့်ရှောက်ခြင်း | □ ဥယျာဉ် စိုက်ပျိုးခြင်း |
| □ ချက်ပြုတ်ခြင်း | □ သက်ကြီးရွယ်အိုပြုစု စောင့်ရှောက်ခြင်း | □ အိမ်မွေးတိရိစ္ဆာန် စောင့်ရှောက်ခြင်း |
| □ အဝတ်လျှော်ဖွပ်ခြင်း | □ နာမကျန်းသူ/မသန်စွမ်းသူ ကိုပြုစုစောင့်ရှောက်ပေးခြင်း | □ မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းခြင်း |
| □ အထူး အခမ်းအနား/ ပွဲများ | | |

**၃.၂။** ဤနေရာတွင် (သို့) နောက်ဆက်တွဲ (၁) တွင်ဖော်ပြထားသည့်အချက်များအတိုင်း သဘောတူထားသည့်အလုပ်တာဝန်များကို ပြောင်းလဲအလုပ်တာဝန်ပေးခြင်း မပြုမီ အလုပ်ရှင်သည် အလုပ်သမားထံမှ သဘောတူညီမှုရယူရမည်။ အလုပ်တာဝန်ပြောင်းလဲမှုအားလုံးနှင့် အပိုထပ်ဆောင်းပေးသည့် မည်သည့်ငွေပေးချေမှုကိုမဆို နောက်ဆက်တွဲ (၂) တွင် မှတ်တမ်းတင်ထားရှိရမည်။

> ဥပဒေအရ အန္တရာယ်ရှိသော အလုပ်အကိုင်ဟုသတ်မှတ်ထားသည့်အလုပ်များကို အသက် (၁၈)နှစ်အောက်ရှိသော အလုပ်သမားများအားခိုင်းစေခြင်းမပြုရ။ ဥပမာ။ ။ အန္တရာယ်ရှိသော ဓါတုပစ္စည်းများကို ကိုင်တွယ်ခြင်း၊ (သို့) အဆမတန်လေးလံသောဝန်များကို သယ်ယူရခြင်း။

## ၄။ အလုပ်ချိန်

အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် စလုံးသည် အပတ်စဉ် အလုပ်ချိန်ဇယား နှင့်လစာရှင်းတမ်းစာရွက်စသည်အသေး စိတ်ကိုမှတ်တမ်းတင်ထားနိုင်သည်။ (နောက်ဆက်တွဲ ၃)

**၄.၁။** အလုပ်သမားသည် တစ်ပတ်တွင် _____ ရက် လုပ်ကိုင်ရမည်။ အချိန်ပြည့် လုပ်ကိုင်သူအလုပ်သမားသည် အနည်းဆုံးအားဖြင့် တစ်ပတ်တွင် နားရက် တစ်ရက် အပြည့် ခံစားပိုင်ခွင့်ရှိသည်။

မိသားစုဆောင်ရွက်ချက်များ၊ ဘာသာရေးကိုးကွယ်ယုံကြည်မှု နှင့်အလေ့အကျင့်များကိုထည့်သွင်း စဉ်းစား၍ အပတ်စဉ် နားရက်ကို နှစ်ဦးနှစ်ဖက် သဘောတူညီမှုပြု သင့်ပါသည်။

အပတ်စဉ်နားရက်မှာ - ____________________

**၄.၂။** အလုပ်ချိန်မှာ တစ်ရက်တွင် စုစုပေါင်း _______ နာရီဖြစ်ပြီး _______ မှ _______ ထိဖြစ်သည်။ အလုပ်ချိန်သည် တစ်ရက်အတွင်း အမျိုးမျိုးပြောင်းလဲမှု ရှိပါက ဖော်ပြပါ။

ပုံမှန်အလုပ်ချိန်သည် တစ်ရက် (၈) နာရီ (တစ်ပတ် ၄၈ နရီ) ထက် မကျော်လွန်စေသင့်ပါ။ (၄၈) နာရီထက်ကျော်လွန်သော အလုပ်ချိန်နာရီကို အချိန်ပိုကြေးနှုန်း အတိုင်း ပေးရမည် ဖြစ်သည်။ တစ်ပတ်တွင် (ပုံမှန်အလုပ်ချိန် ၄၈ နာရီ အပြင်) အများဆုံးခွင့်ပြု သည့် အချိန်ပိုနာရီ မှာ (၃၆) နာရီဖြစ်သည်။

တနင်္လာနေ့ ____________________________________________

အင်္ဂါနေ့ ____________________________________________

ဗုဒ္ဓဟူးနေ့ ____________________________________________

ကြာသပတေးနေ့ ____________________________________________

သောကြာနေ့ ____________________________________________

စနေနေ့ ____________________________________________

တနင်္ဂနွေနေ့ ____________________________________________

အလုပ်လုပ်ရက် တစ်ရက်နှင့်တစ်ရက် အကြား အနားယူချိန်ကာလသည် အနည်းဆုံး (၁၁) နာရီရှိသင့်သည်။

အသက် (၁၈) နှစ်အောက် အလုပ်သမားများကို တစ်ပတ်(၄၈) နာရီထက်ပို၍ ခိုင်းစေခြင်းနှင့်၊ ည(၁၀) နာရီမှ မနက် (၆) နာရီကြား အလုပ် ခိုင်းစေခြင်းကိုတားမြစ်ထားပါသည်။

**၄.၃။** အလုပ်သမားသည် ဆက်တိုက်လုပ်ရသည့် အလုပ်ချိန် (၅) နာရီပြည့်တိုင်း အနားယူချိန် _______မိနစ်ကို လစာဖြင့် ခံစားခွင့်ရှိသည်။ အလုပ်ရှင်အလုပ်သမားနှစ်ဦး နှစ်ဖက်စလုံးကဤအနားယူချိန်ကို သဘောတူညီမှုပြု၍ ပိုင်းခြားသတ်မှတ်နိုင်သည်။

ယေဘုယျအားဖြင့် ထိုင်းနိုင်ငံရှိ အလုပ်သမားများသည် ငါးနာရီ (အသက် ၁၈ နှစ်အောက်ရှိ အလုပ်သမားအတွက် ၄ နာရီ) အလုပ်လုပ်ပြီးတိုင်း အခကြေးငွေခံစား ခွင့်နှင့်အတူ အနားယူချိန် မိနစ် (၆၀) ကို ခံစားပိုင်ခွင့် ရှိသည်။

## ၅။ လုပ်ခလစာ/အခကြေးငွေ

**၅.၁။** အလုပ်ရှင်သည် အလုပ်သမားအား ၎င်း၏ လုပ်အားအတွက် ဖော်ပြပါ နှုန်းထား အတိုင်း - တစ်နာရီတွင် ဘတ်ငွေ __________ နှင့်ညီမျှသော အခကြေးငွေကို တစ်ရက်/တစ်ပတ်/ တစ်လ(တစ်ခုကိုဝိုင်းပါ) တွင် ဘတ်ငွေ __________ကို ငွေသားဖြင့် ပေးချေရန် သဘောတူပါသည်။

ထိုင်းနိုင်ငံ၏ အနည်းဆုံးအခကြေးငွေမှာ (၈) နာရီ လုပ်ခအတွက် ဘတ် (၃၀၀)ဖြစ်သည်။ ဆိုလိုသည်မှာ(၁)နာရီအတွက်(၃၇.၅) ဘတ် ဖြစ်သည်။ အခကြေးငွေကို အလုပ်သမားအား တိုက်ရိုက်ပေးချေရမည်ဖြစ်ပြီး ငွေသားအဖြစ် မည်သည့် အရာမျှ အစားထိုးပေးချေခြင်း မပြုရပါ။ (ဥပမာ။ ။ အဝတ်အစား၊ အစားအစာ၊(သို့မဟုတ်) ငွေကြေး အစား အခြားအရာဝတ္ထုများပေးခြင်း)

**၅.၂။** အလုပ်ရှင်သည် အောက်ပါအတိုင်း ပုံမှန် အခကြေးငွေပေးရန် သဘောတူပါသည်။ (ရွေးချယ်မှုတစ်ခုကို အမှန်ခြစ်ပါ)

□ အပတ်စဉ် □ နှစ်ပတ်တစ်ကြိမ်

□ တစ်လတစ်ကြိမ်ဖြင့် __________ နေ့တွင် (ရက်စွဲဖော်ပြပါ)

**၅.၃။** သဘောတူပြီးဖြစ်သည့် အပတ်စဉ်အနားယူရက်၊ အများပြည်သူ ရုံးပိတ်ရက် (သို့) နှစ်ပတ်လည်ခွင့်ရက်များတွင် အလုပ်လုပ်ရန် လိုအပ်ပါက၊ အလုပ်သမားသည် အားလပ်ရက်တွင်လုပ်ရသည့် လုပ်အားခကို ပုံမှန်အလုပ်လုပ်ချိန်နာရီ၏ နှစ်ဆနှုန်းဖြင့် ခံစားပိုင်ခွင့်ရှိသည်။

ထိုင်းနိုင်ငံတွင် အလုပ်ရှင်များသည် နှစ်ကုန်တွင် အလုပ်သမားများအား လုပ်ခ တစ်လစာနှင့်ညီမျှသော အပိုဆုကြေးကို ထုံးစံအရ ပေးလေ့ရှိ သည်။

**၅.၄။** အလုပ်ရှင်နှင့်အလုပ်သမားသည်အောက်ပါအချက်များကို သဘောတူနိုင်ပါသည်။ (သက်ဆိုင်သည့်အချက်များအားလုံးကို အမှန်ခြစ်ပါ။)

□ အလုပ်ရှင်သည် လုပ်ခလစာ ပေးချေသည့်အခါတိုင်း အလုပ်သမားကို လစာရှင်းတမ်းစာရွက်ပေးရမည်။ (နောက်ဆက်တွဲ ၃)။

□ အလုပ်သမား၏ အတွေ့အကြုံ၊ အလုပ်ပမာဏနှင့်ကိုက်ညီသင့်တော်သည့် အလုပ်သမားရရှိမည့်လုပ်ခလစာကို နှစ်ဦးနှစ်ဖက်စလုံးသည် ပုံမှန်သုံးသပ်ခြင်းနှင့် ချိန်ညှိတွက်ချက်ခြင်းပြုရမည်။

မြင့်တက်လာသော နေထိုင်မှုကုန်ကျစရိတ်နှင့် ငွေဖောင်းပွမှုနှုန်းကိုကာမိစေရန် နှစ်စဉ် လုပ်ခလစာကို ပြန်လည်သုံးသပ်သင့်ပြီး အနည်းဆုံး ၃ % တိုးပေးသင့်ပါသည်။

□ အလုပ်သမားကို အချိန်ပိုလုပ်ခအတွက် တစ်နာရီတွင် __________ ဘတ် နှုန်းဖြင့် ပေးရမည်။ (အချိန်ပိုဆိုသည်မှာ သဘောတူစာချုပ်တွင်ဖော်ပြထားသည့် ပုံမှန်အလုပ်ချိန်နာရီထက် ကျော်လွန်ပြီး လုပ်ကိုင်ရသော အလုပ်ချိန်များကို ဆိုလိုပါသည်။)

စံသတ်မှတ်ထားသည့် အချိန်ပို လုပ်အားခနှုန်းမှာ ပုံမှန်အလုပ်ချိန်ထက် ၁ ဆခွဲဖြစ်ပြီး အားလပ်ရက်နေ့ဖြစ်ပါက ပုံမှန်အလုပ်ချိန်ထက် အနည်းဆုံး ၃ ဆဖြစ်ပါသည်။

□ အရေးပေါ်အခြေအနေတွင် လုပ်ကိုင်ပေးရန် အရန်သင့်ရှိနေပေးခြင်းအတွက် အလုပ်သမားကို တစ်နာရီတွင် __________ ဘတ် ပေးရမည်။ (အရန်သင့်ရှိနေပေးသည့် အလုပ်ချိန်ဆိုသည်မှာ အလုပ်သမားသည် ၎င်းတို့၏အားလပ်ချိန်ကိုဆန္ဒရှိသလိုအသုံးမပြုနိုင်ဘဲ အရေးပေါ်အခြေအနေအတွက် အရန်သင့်နေပေးရသည့် အချိန်များကို ဆိုလိုပါသည်။ အရန်သင့်ရှိနေပေးသည့် အလုပ်ချိန်ကို အလုပ်သမား၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်ရမည်။)

## ၆။ အားလပ်ရက်နှင့် ခွင့်ရက်

**၆.၁။** အလုပ်သမားသည် တစ်နှစ်တွင် ပုံမှန်လစာဖြင့် အများပြည်သူရုံးပိတ်ရက်အတိုင်း ___________ ရက်ကို (အလုပ်သမားနေ့/မေဒေးအပါအဝင် အနည်းဆုံး ၁၃ ရက်) ခံစားပိုင်ခွင့်ရှိသည်။

[အများပြည်သူရုံးပိတ်ရက်သည် အပတ်စဉ် နားရက်နေ့တွင်ကျရောက်ပါက အလုပ်သမားသည် နောက်ကျရောက်သည့် အလုပ်လုပ်ရက်တွင် ခွင့်ရက်ရယူပိုင်ခွင့်ရှိသည်။ အလုပ်ရှင် အလုပ်သမား နှစ်ဦးနှစ်ဖက်စလုံးသည် အလုပ်သမားခံစားပိုင်ခွင့်ရှိသည့် အများပြည်သူရုံးပိတ်ရက်များကို သတ်မှတ်ဖော်ပြရမည်။ (နောက်ဆက်တွဲ ၄) ]

**၆.၂။** အချိန်ပြည့်လုပ်ကိုင်သည့် အလုပ်သမားသည် လစာခံစားခွင့်ဖြင့် နှစ်ပတ်လည်ခွင့် _________ ရက်ကို (အနည်းဆုံး ၆ ရက်) ခံစားပိုင်ခွင့်ရှိသည်။

(လုပ်သက်တစ်နှစ်အောက်သာ လုပ်ကိုင်ရသေးသော အလုပ်သမား၏ နှစ်ပတ်လည်ခွင့်ရက်ကို သင့်လျော်သလို တွက်ချက်ပေးရမည်။ အလုပ် (၂) လလုပ်ပြီးတိုင်း နှစ်ပတ်လည်ခွင့် (၁) ရက် ခံစားခွင့် နှုန်းထားဖြင့် တွက်ချက်ပေးရမည်။)

အသက်(၁၈)နှစ်အောက်ရှိ အလုပ်သမားသည်အစည်းအဝေးနှင့် ဆွေးနွေးပွဲများ တက်ရောက်ခွင့်၊ သင်တန်းတက်ရောက်ခွင့် (သို့) ပညာရေးအသင်းအဖွဲ့များက စီစဉ်သည့်အခြားအစီအစဉ်များ သို့ တက်ရောက်ရန် ခွင့်ယူပိုင်ခွင့်ရှိသည်။ ဤခွင့်ရက်များကို လစာခံစားခွင့်ပေးသင့်ပါသည်။ ထိုခွင့်ရက်များသည် တစ်နှစ် ရက် (၃၀) ထက် မပိုသင့်ပါ။

အချိန်ပိုင်းအလုပ်သမားကို လစာဖြင့် နှစ်ပတ်လည်ခွင့်ပေးခြင်းမရှိပါက၊ အလုပ်ရှင်က နာရီအလိုက်လုပ်ခလစာ (သို့) နေ့စဉ် လုပ်အားခများကို တိုးပေးသင့်သည်။

သာရေးနာရေးခွင့်၊ (သို့) သင်တန်းအတွက် ခွင့်ကဲ့သို့သော အခြားကိုယ်ရေးကိုယ်တာခွင့်များကို နှစ်ဦးနှစ်ဖက် သဘောတူညီမှုပြုနိုင်သည်။

## ၇။ နေထိုင်မှုနှင့် လုပ်ငန်းခွင်အခြေအနေ

**၇.၁။** သဘောတူ စာချုပ်ချုပ်ဆိုသူနှစ်ဦးနှစ်ဖက်စလုံးသည် အလွဲသုံးစားပြုမှု၊ နှောင့်ယှက်စော်ကားမှုနှင့် အကြမ်းဖက်မှု ပုံစံအားလုံးမှကင်းဝေးသော နေထိုင်မှုနှင့် လုပ်ငန်းခွင်အခြေအနေရှိစေရန် ကတိပြုဆောင်ရွက်ပါမည်။

**၇.၂။** ခန့်အပ်ထားသည့် လုပ်ငန်းတာဝန်၊ လုပ်ငန်းသုံးကိရိယာတန်ဆာပလာနှင့် လုပ်ငန်းဝန်းကျင်အခြေအနေသည် အလုပ်သမား၏ ကျန်းမာရေး၊ ဂုဏ်သိက္ခာနှင့် ပစ္စည်းဥစ္စာများကိုထိခိုက် ဆုံးရှုံးမှု မရှိစေရန် အလုပ်ရှင်က သေချာဆောင်ရွက်ရမည်။

**၇.၃။** အလုပ်သမားသည် အိမ်အတွင်း မည်သည့်ပျက်စီးထိခိုက်မှု (သို့) မည်သည့် အပြစ်အနာ အဆာချွန်ယွင်းမှုမျိုးကိုမဆို အလုပ်ရှင်အား အသိပေးရန် တာဝန်ရှိသည်။

**၇.၄။** အလုပ်သမားသည် အလုပ်ရှင်၏အိမ်တွင် နေထိုင်ခြင်း ရှိ/မရှိ။

(တစ်ခုကို အမှန်ခြစ်ပါ။) □ နေထိုင်သည်။

□ မနေထိုင်ပါ။

**၇.၄.၁။** အလုပ်သမားသည် အလုပ်ရှင်၏အိမ်တွင် နေထိုင်လုပ်ကိုင်ပါက၊ အလုပ်ရှင်သည် အလုပ်သမားအတွက် သင့်တော်သည့်နေရာထိုင်ခင်း၊ သော့ခတ်/တံခါးပိတ်ထား

လိုအပ်လျှင် အလုပ်ရှင်သည် အလုပ်သမားကို သင့်တော်သည့် အကာအကွယ် ပစ္စည်းကိရိယာများပေးရမည်။ ဥပမာ။ ။ ပြင်းထန်သည့် ဓါတုပစ္စည်းများကို ကိုင်တွယ်ရန်အတွက် လက်အိတ်ပေးခြင်း၊ ခိုင်ခံ့ပြီး ဘေးကင်းစိတ်ချရသည့် လှေခါးပေးခြင်း။

အလုပ်သမား၏ အခန်းသည် လေဝင်လေထွက်ကောင်းမွန်ပြီး လုံလောက်သော အကျယ်အဝန်းရှိ၍ သင့်တော်သည့် အခန်းအပူချိန်ဖြစ်ရမည်။

နိုင်သော ရေချိုးသန့်စင်ခန်းများအသုံးပြုခွင့်ကို အခမဲ့ ဖြည့်ဆည်းပေးရန် သဘောတူပါသည်။

အလုပ်သမား၏အခန်းသည် □ ကိုယ်ပိုင်သီးသန့်အခန်း ဖြစ်ရမည်။

□ ____________ နှင့်အတူနေရမည်။

၇.၄.၂။ အလုပ်သမားကို -

(သက်ဆိုင်သည့်အချက်ကို အမှန်ခြစ်ပါ။)

□ တစ်ရက်လျှင် အစားအစာ သုံးကြိမ်/သုံးနပ် ကျွေးမည်။

□ တစ်ရက်တွင် အစားအစာ _______ ကြိမ်နှင့် စားသောက်စရိတ်ကို တစ်ပတ်/တစ်လ (တစ်ခုကိုဝိုင်းပြပါ) တွင် _________ ဘတ် ပေးမည်။

> နေရာထိုင်ခင်းနှင့် အစားအစာအတွက် လုပ်ခလစာမှ မည်သည့်ဖြတ်တောက်ခြင်းမျှ မပြုလုပ်သင့်ပါ။

**၇.၅။** အိမ်တွင်နေထိုင်လုပ်ကိုင်သူသည် နေ့စဉ်နှင့် အပတ်စဉ်အနားယူချိန်၊ အများပြည်သူရုံးပိတ်ရက်နှင့် နှစ်ပတ်လည်ခွင့်ကာလအတွင်း ၎င်းတို့ရွေးချယ်ထားသည့်အတိုင်း အိမ်ပြင်ပသို့ လွတ်လပ်စွာသွားလာခွင့်နှင့် အားလပ်ချိန်ကိုလွတ်လပ်စွာအသုံးပြုခွင့်ရှိသည်။

**၇.၆။** အလုပ်သမားသည် ၎င်း၏ ခရီးသွားလာခွင့်ဆိုင်ရာနှင့် သက်သေခံအထောက်အထားစာရွက်စာတမ်းများအပါအဝင် အခြားကိုယ်ပိုင်ပစ္စည်းဥစ္စာများကို ကိုယ်နှင့်မကွာ ထိန်းသိမ်းထားပိုင်ခွင့်ရှိသည်။

## ၈။ လူမှုကာကွယ်စောင့်ရှောက်ရေး

**၈.၁။** အလုပ်ကြောင့်ဖြစ်ရသည့် ဖျားနာမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှု

(သက်ဆိုင်သည့်အချက်ကို အမှန်ခြစ်ပါ။)

□ အလုပ်ကြောင့် (သို့) အလုပ်နှင့်ပတ်သက်၍သွားလာရခြင်းကြောင့် အလုပ်သမားသည် ထိခိုက်ဒဏ်ရာရရှိခြင်း (သို့) ဖျားနာခြင်းရှိလျှင် အလုပ်ရှင်သည် ချက်ချင်း ဆေးဝါးကုသမှုကို စီစဉ်ပေးရမည်ဖြစ်ပြီး လိုအပ်သည့် ဆေးဝါးကုသမှု ကုန်ကျစရိတ်များကို ပေးရမည်။

> ယေဘုယျအားဖြင့်အလုပ်ရှင်များသည် ၎င်းတို့၏အလုပ်သမားများကို မှတ်ပုံတင်ရမည်ဖြစ်ပြီး အလုပ်သမားလျော်ကြေးရန်ပုံငွေတွင် ထည့်ဝင်ကြေးပေးသွင်းရန်လိုအပ်သည်။ အိမ်အကူအလုပ်သမားများသည် ဤကာကွယ်စောင့်ရှောက်မှုတွင် အကျုံးမဝင်ခြင်းကြောင့် အလုပ်ကြောင့်ဖြစ်ပေါ်လာသည့်ဖျားနာမှုနှင့် ထိခိုက်ဒဏ်ရာရမှုအတွက် ဆေးဝါးကုသမှုကုန်ကျစရိတ်ကိုကျခံပေးရန်အတွက်အလုပ်ရှင်များကတာဝန်ယူသင့်ပါသည်။

**၈.၂။** အခြားဖျားနာမှု (သို့) ထိခိုက်ဒဏ်ရာရရှိမှု

**၈.၂.၁။** အလုပ်သမားသည် တစ်နှစ်တွင် နာမကျန်းခွင့်ရက်(၃၀)ကိုခံစားခွင့်ရှိသည်။

(ခွင့်ရက်သည် ဆက်တိုက် ၃ ရက်ထက်ကျော်ပါက အလုပ်သမားသည် ဆေးလက်မှတ် သို့မဟုတ် ဆရာဝန်၏မှတ်ချက်ကို အလုပ်ရှင်သို့တင်ပြရမည်။ အလုပ်ကြောင့် ထိခိုက်ဒဏ်ရာရ၍ (သို့) နာမကျန်းဖြစ်၍ အလုပ်သမား မလုပ်ကိုင်နိုင်သည့် နေ့ရက်ကို နာမကျန်းခွင့်အဖြစ် သတ်မှတ်၍မရပါ။)

> သင့်တော်သည့်ကာလအကန့်အသတ်အတွင်း ဖျားနာမှုကြောင့် အလုပ်မဆင်းနိုင်ခြင်းသည် စာချုပ်နှင့်အလုပ်ရပ်စဲရခြင်းအကြောင်းပြချက် မဖြစ်စေရပါ။

**၈.၂.၂။** နာမကျန်းဖြစ်သည့်အခါတွင် အလုပ်သမား၏ ဆေးကုသကုန်ကျစရိတ်သည် အောက်ပါအစီအစဉ်တွင် အကျုံးဝင်ခံစားခွင့်ရှိသည်။

(အနည်းဆုံး တစ်ခုကို အမှန်ခြစ်ပါ။)

□ လူမှုဖူလုံရေးအက်ဥပဒေ၏ ပုဒ်မ (၄၀) နှင့်အညီ(ထိုင်းနိုင်ငံသားများအတွက်သာ)၊ လစဉ်ကြေးအဖြစ် အလုပ်ရှင်ထည့်ဝင်ကြေး ____________ ဘတ် ။

□ ရွှေ့ပြောင်းသွားလာသူ ကျန်းမာရေးအာမခံအစီအစဉ် (MHIS - ရွှေ့ပြောင်းလုပ်သားများအတွက်သာ)နှင့်အညီ၊ နှစ်စဉ်ကြေးအဖြစ် အလုပ်ရှင်ထည့်ဝင်ကြေး ____________ ဘတ် ။

□ အလုပ်ရှင်ကထောက်ပံ့ပေးသော ပုဂ္ဂလိကဆေးကုသမှုအာမခံ။

> လူမှုဖူလုံရေး အက်ဥပဒေ၏ ပုဒ်မ (၄၀) အရ ထိုင်းနိုင်ငံသားများသည် လူမှုဖူလုံရေးအကျိုးခံစားခွင့်အတွက် မှတ်ပုံတင်နိုင်သည့်အခွင့်ရှိသည်။ အလုပ်သမားအကျိုးခံစားခွင့်အတွက် အလုပ်ရှင်သည် လစဉ်ကြေး ဘတ် (၁၀၀- ၁၅၀) ကိုပေးရမည်။ သတင်းအချက်အလက်အသေးစိတ်ကို လူမှုဖူလုံရေးရုံး ဝက်ဘ်ဆိုက်တွင် လေ့လာနိုင်ပါသည်။

> ရွှေ့ပြောင်းအလုပ်သမားများသည် MHIS အစီအစဉ်အောက်တွင် မှတ်ပုံတင်ရန်လိုအပ်သည်။ MHIS အစီအစဉ်တွင်နှစ်စဉ်ကျန်းမာရေးဆေးစစ်ချက်နှင့် ဆေးကုသမှုအာမခံပါဝင်သည်။ အလုပ်ရှင်သည် နှစ်စဉ်ကြေး ဘတ် (၂၁၀၀) ကိုပေးရပါမည်။

**၈.၃။** မီးဖွားခြင်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု

(သက်ဆိုင်သည့်အချက်ကို အမှန်ခြစ်ပါ)

အလုပ်သမား ကိုယ်ဝန်ရှိလျှင် အလုပ်ရှင် အလုပ်သမားနှစ်ဦးနှစ်ဖက်စလုံးသည် အောက်ပါအတိုင်း သဘောတူပါသည်။

□ အလုပ်သမားသည် မီးဖွားခွင့်အဖြစ် _______ ရက်ကိုခံစားခွင့်ရှိပြီး မီးဖွားခွင့်ရက်ထဲမှ __________ ရက်ကို လစာနှင့်အတူခံစားခွင့်ရှိသည်။

□ အလုပ်သမားသည် မီးဖွားခွင့်အဖြစ် _________ လကို လစာမဲ့ဖြင့် ခံစားခွင့်ရှိသည်။

> ယေဘုယျအားဖြင့် အလုပ်သမားများသည် မီးဖွားခွင့် ရက်ပေါင်း (၉၀) ကို ခံစားပိုင်ခွင့်ရှိသည်။ ဤကာလအတွင်း လုပ်ခလစာကို အလုပ်ရှင်က (၄၅ ရက်အထိ) ပေးလေ့ရှိပြီး လူမှုဖူလုံရေးရုံးက (ကျန်သည့် ၄၅ ရက်) ကိုပေးလေ့ရှိသည်။

## ၉။ အငြင်းပွားမှု ဖြေရှင်းခြင်း

အလုပ်ရှင်အလုပ်သမားနှစ်ဦးနှစ်ဖက်စလုံးသည် သာယာအေးချမ်းသောလုပ်ငန်းခွင်ဖြစ်ပေါ်စေရေးနှလုံးသွင်းလျက် လုပ်ငန်းခွင်ဆိုင်ရာ အလုပ်ရှင်အလုပ်သမားဆက်ဆံရေးနှင့်ပတ်သက်၍ ပေါ်ပေါက်လာသည့် အကြောင်းကိစ္စကြီးငယ် မည်သည့်ကိစ္စရပ်ကိုမဆို ဆွေးနွေးညှိနှိုင်းရန် သဘောတူကြပါသည်။ အလုပ်ရှင်နှင့် အလုပ်သမားသည် ဤအလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် (သို့) ထိုင်းဥပဒေအရ ၎င်းတို့၏အခွင့်အရေးများ၊ တာဝန်ဝတ္တရားများနှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်လာပါက ကြားခံအဖွဲ့အစည်းဖြစ်သည့်လွတ်လပ်သောညှိနှိုင်းဖျန်ဖြေရေးအဖွဲ့အစည်းဖြင့် ပေါ်ပေါက်လာသည့် ကိစ္စရပ်ကို ဆွေးနွေးညှိနှိုင်းရန် နှစ်ဦးနှစ်ဖက်စလုံးမှ သဘောတူကြပါသည်။ ညှိနှိုင်းဖျန်ဖြေပေးခြင်းကို အလုပ်ရှင် အလုပ်သမား တစ်ဖက်ဖက်မှနေ၍ ငြင်းပယ်ခြင်း (သို့) တစ်ဖက်ဖက်၏ဆောင်ရွက်ချက်များသည် ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ရန် ခိုင်လုံသည်ဆိုပါက ညှိနှိုင်းဖျန်ဖြေခြင်း မပြုနိုင်တော့သည့်နောက်တွင် အလုပ်သမားရေးရာစစ်ဆေးသူအရာရှိ (သို့) တရားရုံး၏အမှုဆောင်ရွက်ချက်များအတိုင်း ဆက်လက်ဆောင်ရွက်နိုင်ပါသည်။

> အလုပ်သမားအားလုံးသည် ၎င်းတို့၏ ဥပဒေဆိုင်ရာ(သို့)လူဝင်မှုဆိုင်ရာအခြေအနေများနှင့်မသက်ဆိုင်ဘဲ တရားရုံး၊ ခုံရုံး (သို့) အခြားအငြင်းပွားမှုဖြေရှင်းရေးယန္တရားများ၏ ဖြေရှင်းဆောင်ရွက်ပေးမှုကို ရယူပိုင်ခွင့်ရှိသည်။

> ကြားခံအဖွဲ့အဖြစ် ညှိနှိုင်းဖျန်ဖြေပေးသည့်ဝန်ဆောင်မှုအတွက် Homenet Thailand ကိုဆက်သွယ်စုံစမ်းနိုင်ပါသည်။ဤစာမျက်နှာအဆုံးပိုင်းတွင်ဆက်သွယ်နိုင်မည့်လိပ်စာကို ဖော်ပြထားပါသည်။

## ၁၀။ သဘောတူစာချုပ် ရပ်စဲခြင်း

**၁၀.၁။** လုပ်ခလစာပေးချေသည့်နေ့ရက်ပြီးနောက်ပိုင်း စာချုပ်ရပ်စဲခြင်း အတည်ဖြစ်စေရန်အလို့ငှာ လုပ်ခလစာပေးချေရမည့်နေ့ရက် တစ်ရက်ရက်တွင် (သို့) ထိုနေ့ရက်မတိုင်မီတွင် အလုပ်ရှင်အလုပ်သမားတစ်ဖက်ဖက်မှနေ၍ စာဖြင့် ကြိုတင်အသိပေးအကြောင်းကြားခြင်းဖြင့် စာချုပ်ရပ်စဲပိုင်ခွင့်ရှိသည်။

**၁၀.၂။** စာချုပ်ဖောက်ဖျက်သည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ စာချုပ်ဖောက်ဖျက်ခြင်းကြောင့် တစ်ဖက်ဖက်က စာချုပ်ရပ်စဲပိုင်ခွင့်နှင့် လျော်ကြေးတောင်းဆိုပိုင်ခွင့်ရှိသည်။ စာချုပ်မဖောက်ဖျက်ခဲ့လျှင် မျှော်မှန်းနိုင်သည့်အနေအထားအတိုင်း ဖြစ်ပေါ်လာမည့် နှစ်ဦးနှစ်ဖက်စလုံး၏ အနေအထားကို ပြန်လည်ထိန်းသိမ်းနိုင်ရန်ဖြစ်သည်။

**၁၀.၃။** အလုပ်ခန့်ထားမှုဆိုင်ရာအလုပ်ရှင်အလုပ်သမားဆက်ဆံရေးပြီးဆုံးသည့်အခါတွင် စာချုပ်ရပ်စဲခြင်းဆိုင်ရာအခြေအနေနှင့်မသက်ဆိုင်ဘဲ အလုပ်သမား၏ဝန်ဆောင်မှုကာလကြာချိန်နှင့် လုပ်ငန်းသဘောသဘာဝကိုဖော်ပြသည့် အသိအမှတ်ပြုလက်မှတ်တစ်စောင်ကို အလုပ်ရှင်သည် အလုပ်သမားအား ထုတ်ပေးရမည်။

**၁၀.၄။** အလုပ်သမား၏ အမှားအယွင်းမရှိဘဲ အလုပ်သမားအလုပ်ထုတ်ခံရပါက အလုပ်ရှင်သည် အလုပ်သမားအား ၎င်းလုပ်ကိုင်ခဲ့သည့် ________ လတိုင်းအတွက်ပေးခဲ့သည့် လစာ၏ ______လစာနှင့်ညီမျှသောငွေကိုပေးပါမည်ဟုသဘောတူပါသည်။

> သဘောတူစာချုပ်ဖောက်ဖျက်ခြင်းတွင် ဥပမာအားဖြင့် အလုပ်ရှင်က လုပ်ခလစာပေးရန်ပျက်ကွက်ခြင်း၊ (သို့) သဘောတူထားသည့်အလုပ်တာဝန်ကို အလုပ်သမားကဆောင်ရွက်ရန် ပျက်ကွက်ခြင်းတို့ပါဝင်သည်။

> ယေဘုယျအားဖြင့် ထိုင်းနိုင်ငံရှိ အလုပ်သမားများသည် အလုပ်ထုတ်နစ်နာ ကြေးကိုခံစားပိုင်ခွင့်ရှိသည်။ အလုပ်ထုတ်နစ်နာကြေးသည် ၎င်းတို့အလုပ်လုပ်ခဲ့သည့် အချိန်နှင့် အချိုးကျညီမျှသော ငွေပမာဏဖြစ်သည်။ ဥပမာ။ ။ သုံးလအလုပ်လုပ်ကိုင်ပေးသူအတွက် အလုပ်ထုတ်နစ်နာကြေးမှာ တစ်လစာဖြစ်ပါသည်။

## နောက်ဆက်တွဲ

၁။ လုပ်ငန်းတာဝန်များ

၂။ စာချုပ်ပြင်ဆင်ခြင်း

၃။ အပတ်စဉ် အလုပ်အချိန်ဇယားနှင့် လစာရှင်းတမ်းစာရွက်

၄။ ထိုင်းနိုင်ငံတွင် တရားဝင်အများပြည်သူ ရုံးပိတ်ရက်များ

ဤသဘောတူစာချုပ်ကို မိတ္တူနှစ်စောင်ပြုလုပ်ထားပါသည်။ စာချုပ်ချုပ်ဆိုမည့်သူ နှစ်ဦးနှစ်ဖက်စလုံးသည် စာချုပ်ပါ အချက်အလက်များအားလုံးကို ဖတ်ရှု နားလည်သဘောပေါက်ပြီး ဤနေရာတွင် သဘောတူလက်မှတ်ရေးထိုးကြပါသည်။

| | |
|---|---|
| ______________________ | ______________________ |
| အလုပ်ရှင် လက်မှတ် | အလုပ်သမား လက်မှတ် |
| ရက်စွဲ ____/_____/____ | ရက်စွဲ ____/_____/____ |
| နေရာ _______________ | နေရာ _______________ |

ILO ၏ပံ့ပိုးကူညီမှုနှင့် ဩစတြေးလျအစိုးရ၏ နိုင်ငံခြားရေးရာနှင့် ကုန်သွယ်မှုဆိုင်ရာဌာန၏ပံ့ပိုးကူညီမှုတို့ဖြင့် “My Fair Home” ကနဦးဆောင်ရွက်ချက် - အပြည်ပြည်ဆိုင်ရာ အိမ်အကူအလုပ်သမားများ အဖွဲ့ချုပ် (IDWF) ၏ စည်းရုံးလှုံ့ဆော်မှု အစိတ်အပိုင်းတစ်ရပ်အဖြစ် ဤသဘောတူစာချုပ်ကို Homenet Thailand နှင့်ဆွေးနွေးတိုင်ပင်၍ ရေးသားပြုစုထားခြင်းဖြစ်ပါသည်။ သင့်အနေဖြင့် အိမ်အကူအလုပ်သမားအခွင့်အရေးများနှင့်ပတ်သက်၍ ပံ့ပိုးကူညီဆောင်ရွက်လိုပါက www.idwfed.org/myfairhome တွင်ဝင်ရောက်လေ့လာနိုင်ပါသည်။ ဤလိပ်စာတွင် သင့်အနေဖြင့် ILO ပြဋ္ဌာန်းချက် (အမှတ်-၁၈၉) ကိုလည်း လေ့လာနိုင်ပြီး အတည်ပြုလက်မှတ်ရေးထိုးနိုင်ရန် ပံ့ပိုးကူညီနိုင်ပါသည်။

**သတင်းအချက်အလက်ပိုမိုသိရှိလိုပါက အောက်ပါလိပ်စာအတိုင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။**

**Homenet** – Foundation for Labour and Employment Promotion

ဖုန်း +၆၆၂ ၅၁၃ ၉၂၄၂
ဝက်ဘ်ဆိုဒ် http://www.homenetthailand.org
အီးမေးလ် center@homenetthailand.org

**အခြား ဆက်သွယ်နိုင်သည့်လိပ်စာများ -**

၂၄နာရီ/တစ်ပတ် (အချိန်ပြည့်) လူကုန်ကူးမှုတားဆီးကာကွယ်ရေး အရေးပေါ် ဖုန်းနံပါတ် - **၁၃၀၀**

ရဲတပ်ဖွဲ့ - **၁၉၁**

(အလုပ်သမားအခွင့်အရေးချိုးဖောက်ခံရလျှင်) အလုပ်သမားကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုဖူလုံ ရေးဌာန - **၁၅၄၆**